ဦးဇော်မင်းထွန်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး
ပုသိမ်မြို့နယ်
ဧရာဝတီတိုင်းဒေသကြီး

ရက်စွဲ။ ။ ဇွန်လ ၂၉ ရက်၊ ၂၀၁၇။

**အကြောင်းအရာ။ ။ကျေးဇူးတင်ကြောင်း နှင့် ကမ်းခြေဒေ အရှည်တည်တံ့ဖွံ့ဖြိုးရေး အတွက် တင်ပြ ဆွေးနွေးချက်**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ငွေဆောင်ကမ်းခြေတွင် ကမ်းခြေသဲထုတ်ယူရန်အတွက် တရားမဝင်သည့် ငွေပေးနေမှုကိစ္စရပ်နှင့်ပတ်သက်သည့် ကျွန်ုပ်တို့ပေးပို့ခဲ့သော တိုင်ကြားစာအပေါ် ဆွေးနွေးရန် ငွေဆောင်နှင့် ချောင်းသာရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအပါအဝင် ပုသိမ်မြို့နယ်ရှိ ဌာနအသီးသီးမှ ကိုယ်စားလှယ်များအား ကျွန်ုပ်တို့နှင့် ဇွန်လ ၂၀ရက်နေ့က တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါသည်။

လူကြီးမင်းတို့အား ကမ်းခြေသဲထုတ်ယူခြင်းကြောင့် အရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရေတိုက်စားခြင်း၊ မြေပြိုခြင်းများ ဖြစ်လာနိုင်သည့် အနေအထားနှင့် ကမ်းခြေသဲအား ဆောက်လုပ်ရေးလုပ်ငန်းအတွက် အသုံးရာတွင် အဆောက်အဦးကြံ့ခိုင်ရေးအတွက် အန္တရာယ်ရှိပုံတို့ကို ရှင်းလင်းပြောကြားခွင့်ရသည့်အချက်ကိုလည်း ကြိုဆိုပါသည်။ ထို့အတူ ငပလီအပါအဝင် မြန်မာနိုင်ငံရှိ အခြားနေရာများတွင်လည်း အဆိုပါ အလားတူကိစ္စရပ်အပေါ် ဆွေးနွေးနေသည့် အချက်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့အတွေ့အကြုံနှင့် ဥပဒေမူဘောင်များ၏ အားနည်းချက်များကို ရှင်းလင်းတင်ပြခွင့် ရသည့်အတွက်လည်း များစွာဝမ်းမြောက်မိပါသည်။

ကမ်းခြေသဲထုတ်ယူခြင်းနှင့် ပတ်သက်၍ ဒေသခံများ၏ သဘောထားများအပါအဝင် ငွေဆောင်မြို့နယ် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်များကိုလည်း အထူးပင်စိတ်ဝင်စားပါသည်။ ၎င်းတို့ ဆွေးနွေးတင်ပြသည့် အချက်များသည် ကျွန်ုပ်တို့သိရှိရသည့် ငပလီတွင်လည်း ကြုံတွေနေရသည့်အချက်များနှင့် တူညီသည်ကို တွေ့ရသည်။ ထိုအချက်များတွင် ဒေသခံပြည်သူများသည် ခရီးသွားလုပ်ငန်းမှ စီးပွားရေးအားဖြင့် အကျိုးအမြတ်မှ မရရှိခြင်းနှင့် ယခင်အစိုးရများလက်ထက်တွင် ဒေသခံမဟုတ်သည့် ကုမ္ပဏီများက ကမ်းခြေတစ်လျှောက် မြေများကို ရရှိခဲ့ကြပြီး၊ အဆိုပါမြေပေါ်တွင် ၎င်းတို့၏ ဟိုတယ်နှင့် အပမ်းဖြေစခန်းများ ဆောက်ရာတွင် ကမ်းခြေမှ သဲများ သုံးယူခဲ့ခြင်းများ ပါဝင်ပါသည်။ အလားတူကိစ္စရပ်များကို ငပလီဒေသခံများကလည်း ဆွေးနွေးတင်ပြလျက်ရှိပါသည်။

ကျွန်ုပ်တို့ MCRB သည် ခရီးသွားလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အစီရင်ခံစာ (Sector Wide Impact Assessment on Tourism) တွင် သာမက နောက်ဆက်တွဲအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး တိုက်တွန်းလုပ်ဆောင်ရာတွင်လည်း ခရီးသွားလုပ်ငန်းနှင့်ဆိုင်သည့် မူဝါဒများချမှတ်ရာတွင် ဒေသခံပြည်သူများပါဝင်မှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ကွင်းဆက်တစ်လျှောက်လုံးတွင် ဒေသခံ လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်မှု၊ တည်းခိုခန်းငယ်များ ဖွင့်လှစ်လုပ်ကိုင်ခြင်းအပါအဝင် အသေးစားလုပ်ငန်းများ ပိုင်ဆိုင်လုပ်ကိုင်ခြင်းဖြင့် ဒေသခံများက ခရီးသွားလုပ်ငန်းမှ အကျိုးအမြတ်ရရှိရေးကို အစဉ် အလေးထား ဖော်ပြလုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် နေပြည်တော်တွင် ဒေသခံများပါဝင်သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို

မကြာခင်က ဒုတိယအကြိမ် နေပြည်တော်တွင် ကျင်းပခဲ့ရာ နိုင်ငံတဝမ်းရှိ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းကို အစပျိုး လုပ်ကိုင်လျက်ရှိကြသော ဒေသခံပြည်သူများတက်ရောက်ဆွေးနွေးကြပြီး၊ ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ အတွေ့အကြုံနှင့် သင်ခန်းစာများ ဖလှယ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။ သို့ဖြစ်ရာ ငွေဆောင်နှင့် ချောင်းသာဒေသရှိ ရပ်ရွာလူထုအနေဖြင့် ခရီးသွားကဏ္ဍတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်များရရှိလိုပါက ကျွန်ုပ်တို့အနေဖြင့် ကူညီရန် အသင့်ရှိပါကြောင်း ပြောကြားလိုပါသည်။

ထို့အပြင် အစိုးရ၏ ၂၀၁၃ ခုနစ် ခရီးသွားလုပ်ငန်း မဟာစီမံကိန်းတွင် ဖော်ပြချက်များနှင့်အညီ ကျွန်ုပ်တို့သည် ခရီးသွားလုပ်ငန်း၏ စီမံခန့်ခွဲအုပ်ချုပ်မှုသည် အရှည်တည်တံ့ပြီး ဒေသခံများအကျိုးအမြတ်ရရှိစေရေးအတွက် အစိုးရ တာဝန်ရှိသူများနှင့်အတူ ဒေသခံရပ်ရွာလူထုနှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ့်ရပ်ရွာရှိ ခရီးသွား ဒေသကို စီမံခန့်ခွဲသည့်အဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ရေးကို တိုက်တွန်း အားပေးလျက် ရှိပါသည်။

ငွေဆောင်အုပ်ချုပ်သူများက ဆွေးနွေးသည့် အခြားအချက်များတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစိုးရချ ပေးသည့် ဘဏ္ဍာငွေမှာ အလွန်နည်းပါးသည့်အတွက် “အလှူငွေ” ကောက်ခံရသည့် အချက်ပါဝင်ပါသည်။ ထိုသို့ အလှူငွေကောက်ခံရာတွင် ပင်လယ်ကမ်းခြေမှ သဲထုတ်ခွင့်ပြုကာရရှိသည့် ငွေကြေးကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အလှူငွေအဖြစ် ကောက်ခံခြင်းလည်း ပါဝင်သည်။

ဒေသန္တရအစိုးရများ၏ မလုံလောက်သည့် ဘဏ္ဍာငွေ ရရှိမှုသည် ဒေသရှိ အုပ်ချုပ်သူများအတွက် အဓိကအခက်အခဲ တစ်ရပ်ဖြစ်နေကို ကျွန်ုပ်တို့ သတိပြုမိပါသည်။ သို့သော် ကျွန်ုပ်တို့အနေဖြင့် အထက်ဖော်ပြပါ ဘဏ္ဍာငွေပြင်ပနှင့် တရားဝင်မဟုတ်သည့် “အလှူငွေ” ရှာဖွေကောက်ခံမှုများသည် လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပွားလာစေနိုင်သည်ကို စိုးရိမ်မိပါသည်။ တစ်ဦးချင်းနှင့်ကုမ္ပဏီများမှ ကျွန်ုပ်တို့ကြားသိရသည့်အချက်များအရ တရားဝင်သတ်မှတ် ကောက်ခံ သည့် ငွေကြေးအပြင် အစိုးရတာဝန်ရှိသူများက အခြားငွေကြေးတောင်းယူမှုများကို “အလှူငွေ” အနေအဖြစ် သတ်မှတ် တောင်းယူမှုများ ရှိကြောင်းသိရှိရသည်။ အချို့သော ကိစ္စများတွင် အဆိုပါ အလှူငွေကို အခွင့်အရေး တစ်ရပ်အတွက် ထည့်ဝင်ခိုင်းခြင်းဖြစ်သည်။ ဥပမာ - ကမ်းခြေသဲထုတ်ခွင့်ရရန်။ အချို့သော ကိစ္စများတွင် ခြိမ်းခြောက်မှု ပုံစံတစ်ရပ် အနေဖြင့် အလှူငွေထည့်ဝင်ခိုင်းခြင်းဖြစ်သည်။ ဥပမာ - နိုင်ငံသားတစ်ဦး သို့မဟုတ် ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ဥပဒေနှင့် အညီ အစိုးရ၏ ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ရရှိခွင့်ရှိသော်လည်း အဆိုပါ ဝန်ဆောင်မှုအတွက် တရားဝင်သတ်မှတ်သည့် နှုန်းထားအပြင် “အလှူငွေ” အဖြစ်ပါ ထပ်မံထည့်ဝင်ခိုင်းခြင်းဖြစ်သည်။ ထို့သို့ “အလှူငွေ” ထည့်ဝင်ခြင်း မရှိပါက အဆိုပါ ဝန်ဆောင်မှု ရရှိရန် အခက်အခဲများ ကြုံရနိုင်ခြင်း၊ လုပ်ငန်းတွင် အနှောက်အယှက်ဖြစ်စေခြင်းတို့ကို ကြုံကြရသည်။

MCRB သည် ဒေသန္တရအစိုးရများသည် အမှိုက်နှင့် မိလ္လာ သိမ်းဆည်းရေးနှင့် အခြားအခြေခံအဆောက်အအုံများ အပါအဝင် ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် လိုအပ်သည့် ဘဏ္ဍာငွေကြေး လုံလုံ လောက်လောက် ရရှိသည်ကို မြင်တွေ့လိုပါသည်။ အဆိုပါကိစ္စရပ်များသည် အထူးသဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့် ကမ်းခြေဒေသများတွင် အလွန်ကို အရေးကြီးသည့်ကိစ္စရပ်များဖြစ်ပါသည်။ MCRBသည် ၂၀၁၆ ခုနစ်က ချောင်းသာ ဟိုတယ်လုပ်ငန်းရှင်များက ဦးစီး ကျင်းပပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ် ဦးမန်းဂျော်နီ တက်ရောက်ခဲ့သည့် ချောင်းသာကမ်းခြေဒေသ အရှည် တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲတွင်လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။

ဒေသ စည်ပင်သာယာရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရန်ပုံငွေအား - ပြည်ထောင်စုအစိုးရက ချထားသည့် ဘဏ္ဍာငွေနှင့် ဒေသတွင်း ကောက်ခံသည့် သတ်မှတ်အခကြေးငွေများ - အထူးသဖြင့် နိုင်ငံခြားသားနှင့် ပြည်တွင်းမှ

ခရီးသွားများကဲ့သို့ လာရောက်လည်ပတ်သူများထံမှ ကောက်ခံသည့် အခကြေးငွေ - တို့မှ ရရှိအောင် လုပ်ဆောင်ရန် လိုအပ်ပါသည်။ အခြားနိုင်ငံများတွင် ဟိုတယ်နှင့် တည်းခိုခန်းများအား အခန်းအပေါ် ကောက်ခံသည့် အခွန်သည် လာရောက်လည်ပတ်သူ ခရီးသွားများ အသုံးပြုသည့် ဒေသရှိ အစိုးရဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားဒေသ အရည်တည်တံ့ရေးထိမ်းသိမ်းရေး နှင့် ဖွံ့ဖြိုးရေးလုပ်ငန်များအတွက် ပြန်လည် အသုံးပြုကြသည်။ အဆိုပါ ကိစ္စရပ်ကို ငပလီနှင့် မြိတ်ကျွန်းစုဒေသတွင် ခရီးသွားလုပ်ငန်းအပေါ် ဆွေးနွေးရာတွင် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

အလားတူစွာ - သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်ဆီးခြင်း မဖြစ်ပေါ်စေနိုင်သည့် နေရာများမှ (ကမ်းခြေသဲမဟုတ်သည့်) "သဲမဲ" ထုတ်ယူခွင့်အပါအဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို  တရားဝင်ခွင့်ပြုရာတွင်လည်း ရရှိသည့် ဘဏ္ဍာငွေမှ အချို့အား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပါအဝင် ဒေသတွင် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များအတွက် ပြန်လည် အသုံးပြုရန် အရေးကြီးပါသည်။

သို့ဖြစ်ပါ၍ MCRB ၏ မူဝါဒပိုင်းဆိုင်ရာ ပြောင်းလဲရေးတိုက်တွန်းလုပ်ဆောင်ရာတွင် ပြည်ထောင်စုအစိုးရအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြောင်းလဲမှုများလုပ်ဆောင်ရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် မြို့နယ်အဆင့်ကိုတောင် ခွင့်ပြုမိန့်များပေးပိုင်ခွင့်နှင့် ရန်ပုံငွေရှာဖွေခြင်းကို ခွင့်ပြုသည့် ဥပဒေများ ပြင်ဆင်ရေးကိုလည်း တိုက်တွန်းသည့် အချက်ပါဝင်ပါသည်။

သို့ဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ - (၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄၅)" ကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဇယား ၂ နှင့် ဇယား၅ ကို ပြင်ဆင်မှုလုပ်ဆောင်ခဲ့သည်ကို ကြိုဆိုပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၈၈ အရ - "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။" အောက်ပါ ကဏ္ဍများကိုလည်း ဇယား (၂) ထည့်သွင်းခဲ့သည်ကို တွေ့ရပါသည်။

- ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊
- ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလုပ်ငန်း၊
- ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်း၊

သို့ဖြစ်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၂၅၄ အရ  "(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဇယား ၅ ပါ အခွန်အခများကို ဥပဒေနှင့်အညီ ကောက်ခံ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေများကို ဥပဒေနှင့် အညီ သုံးစွဲခွင့်ရှိသည်။ "

ဖွဲ့စည်းပုံ အခြေခံဥပဒေ ဇယား (၅) ကိုလည်း ၄/၂၀၁၅ တွင် ပြဋ္ဌာန်းသည့် ဥပဒေက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် ကောက်ခံရမည့် အခွန်အခများ" ဥပဒေပြု စာရင်းတွင် အောက်ပါ အချက်များပါဝင်ရန် ပြင်ဆင်ခဲ့သည်။

(၂၅) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများ၊

(၂၆) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွန်အခများ၊

(၃၀) ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုဆိုင်ရာ အခွန်အခများ၊

ငွေဆောင်၊ ချောင်းသာနှင့် အခြားခရီးသွားဒေသများရှိ စည်ပင်သာယာရေးကုန်ကျစရိတ်များအတွက် သုံးစွဲနိုင်မည့် မြစ်သဲထုတ်ယူမှုနှင့် ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေနှစ်ရပ်လုံးကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရန်ပုံငွေအတွက် ဥပဒေကြောင်းနှင့်အညီ တရားဝင်သည့် နည်းလမ်းများဖြင့် ရန်ပုံငွေရှာဖွေမှုကို ဆောင်ရွက်ရန် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြောင်းလဲပြဋ္ဌာန်းသည့်အချက်များကို အသုံးပြုနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့က မျှော်လင့်ပါသည်။

ကောင်းမွန်သော တွေ့ဆုံဆွေးနွေးခွင့်ရရှိခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ထပ်မံပြောကြားလိုပါသည်။ ကျွန်ုပ်တို့သည် ပုသိမ်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် အရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးအတွက် အနာဂတ်တွင် လူကြီးမင်းတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခွင့်ရရန် မျှော်လင့်ပါသည်။

လေးစားစွာဖြင့်

*Vicky Bowman*

ဗစ်ကီဘိုမန်
ဒါရိုက်တာ
မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

မိတ္တူကို -

၁။ ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
၂။ ပြည်ထောင်စုဝန်ကြီး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန
၃။ ဒုတိယဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ရုံးအမှတ် (၂၀)၊ နေပြည်တော်
၄။ ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။
၅။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

Myanmar Centre for Responsible Business, 15 Shan Yeiktha Street, Sanchaung, Yangon, Myanmar
Tel/fax: +95 1 510069 info@myanmar-responsiblebusiness.org www.myanmar-responsiblebusiness.org